ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ်
K 100

# ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

## ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၂၀၉

## ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်

| | | |
|---|---|---|
| ဦးစံဂျေးကူးမား | နှင့် | ဦးကျော်ဝင်း<br>(၄င်း၏အခွင့်ရကိုယ်စားလှယ်<br>ဦးကျော်စိုးမိုး) |
| တရားလို | | တရားပြိုင်များ |

တာဝန်ခံမိတ္တူမှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူသည်။

| | | |
|---|---|---|
| တရားလိုအတွက် | - | ဦးထွန်း ၊ တရားလွှတ်တော်ရှေ့နေ |
| တရားပြိုင်အတွက် | - | ဒေါ်ပပခင် ၊ တရားလွှတ်တော်ရှေ့နေ |

### <u>စီရင်ချက်</u>

အမှုမှာ တရားလို ဦးစံဂျေးကူးမား (New . Blaze Co.,Ltd) မှ တရားပြိုင် (၁) ဦးကျော်ဝင်း (၂) ဦးကျော်စိုးမိုးတို့အပေါ် မတ်ပဲဘိုးကျန်ငွေ ၁၇၃၁,၃၄၀၀၀ ကျပ် ရလိုမှုစွဲဆိုသောအမှုဖြစ်သည်။

အမှုတွင် ၂ တရားပြိုင် ဦးကျော်စိုးမိုးအပေါ် စွဲဆိုမှုအား အချေလွှာမတင်မီ တရားလိုမှ အမှုရုပ်သိမ်းခွင့်ပြုရန်လျှောက်ထားသဖြင့် အမှုကိုခြွင်းချက်မရှိ ရုပ်သိမ်းခွင့်ပြုသည့်အမိန့်ကို ၁.၈.၂၀၁၁ ရက်နေ့က ချမှတ်ခဲ့သည်။

တရားလိုက အဆိုလွှာတွင် ၄င်းသည်ပဲအရောင်းအဝယ်လုပ်ကိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း ၁ တရားပြိုင်သည် (KB International Co Ltd) ၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်ပြီး ၂ တရားပြိုင်သည် ဒါရိုက်တာဖြစ်ကြောင်း၊ တရားလိုနှင့်တရားပြိုင် ဦးကျော်ဝင်း၊ ဦးကျော်စိုးမိုးတို့သည် လွန်ခဲ့သော ၂ နှစ်ခန့်ကစ၍ တစ်ဦးနှင့်တစ်ဦး ပဲမျိုးစုံရောင်းဝယ်ဆက်ဆံလာခဲ့ရာ ဈေးစကားပြောသည့်အခါ ၁ တရားပြိုင်က ပြောဆိုလေ့ရှိပြီး အရောင်းအဝယ်စာချုပ် ချုပ်ဆိုသည့်အခါတွင် ၂ တရားပြိုင်နှင့်ချုပ်ဆိုလေ့ရှိကြောင်း ၂၀၀၈ ခုနှစ်၊ ပဲရာသီတွင် ၁ တရားပြိုင်သည် တရားလိုထံမှ ပဲများဝယ်ယူလိုကြောင်း ကမ်းလှမ်းခဲ့ရာ

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

တရားလိုနှင့် ပဲအမျိုးအစား၊ ဈေးနှုန်းအရေအတွက် အရည်အသွေးစသည်ဖြင့် ညှိနှိုင်းပြောဆိုကြပြီးနောက် ၂ တရားပြိုင်သည် (KB International Co Ltd) အမည်ဖြင့် ပဲများကိုဝယ်ယူခဲ့ကြကြောင်း၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလကုန်ပိုင်းတွင် တရားပြိုင်ကုမ္ပဏီသည် ပဲဖိုးငွေများ မပေးချေနိုင်သည့် အခြေအနေဆိုက်ရောက်ခဲ့ကြောင်း၊ နိုင်ငံတော်က တရားပြိုင်၏ မြီရှင်များအားလုံး တရားမျှတ မှန်ကန်စွာ အချိုးကျညီညီမျှမျှ ရရှိစေရန် ရည်ရွယ်ပြီး ပဲအရောင်းအဝယ်ကိစ္စများ ကြီးကြပ်ဖြေရှင်းရေးကော်မတီကို ၁၈.၁၂.၂၀၀၈ ရက်နေ့တွင် ဖွဲ့စည်းပေးပြီး တရားပြိုင်ကုမ္ပဏီထံမှရရန်ရှိသည့် မြီရှင်များအားလုံးနှင့် ကြွေးမြီစာရင်းများကိုလည်းကောင်း တရားပြိုင်ကုမ္ပဏီပိုင်ဆိုင်သည့် ငွေကြေးနှင့်ရွှေ့ပြောင်းနိုင်သောပစ္စည်း မရွှေ့ပြောင်းနိုင်သောပစ္စည်းအရပ်ရပ်ကို အသေးစိတ်စာရင်းကောက်ယူ၍ ကော်မတီမှဖြေရှင်တရားလိုအား ၂၄.၁.၂၀၀၉ ရက်နေ့တွင် ပထမအဆင့်လက်ကျန်များဖြင့်လည်းကောင်း၊ ၁၂.၃.၂၀၀၉ ရက်နေ့တွင် ဒုတိယအဆင့် ဘဏ်လက်ကျန်ငွေနှင့် ငွေသားလက်ကျန်ငွေဖြင့်လည်းကောင်း ၂၃.၅.၂၀၀၉ ရက်နေ့တွင် တတိယအဆင့်ပိုင်ဆိုင်သည့်ပစ္စည်းများဖြင့်လည်းကောင်း အချိုးမျှတစွာခွဲဝေပေးခဲ့ကြောင်း တတိယအဆင့် ရှင်းပြီးနောက် တရားလိုက တရားပြိုင်ထံမှရရန်ရှိသည့် တန်ဖိုးငွေမှာ ကျပ် ၁၇၃၁,၃၄၀၀၀ (ကျပ်တစ်ထောင့်ခုနစ်ရာကိုးဆယ့်တစ်သိန်းသုံးလေးထောင်)ထိဖြစ်ကြောင်း ယင်းငွေအတွက် ရုံးတော်မှသတ်မှတ်သည့် သင့်တော်သော အတိုးနှုန်းနှင့်တကွ တရားပြိုင်က တရားလိုသို့ပေးဆပ်စေသည့် ဒီကရီချမှတ်ပေးရန် ဖေါ်ပြအဆိုပြုသည်။

တရားပြိုင်က အချေလွှာတွင် အချင်းဖြစ်ပဲအရောင်းအဝယ်လုပ်ရာတွင် တရားလိုပါဝင်သည့်ကုမ္ပဏီနှင့် တရားပြိုင်ပါဝင်သည့်ကုမ္ပဏီ အချင်းချင်းပဲအရောင်းအဝယ်လုပ်ခြင်းသာဖြစ်ကြောင်း၊ အချင်းဖြစ်ပဲအရောင်းအဝယ်ပြုလုပ်ရာတွင် တရားပြိုင် ဦးကျော်ဝင်းက လူပုဂ္ဂိုလ်ရေးရာအရောင်းအဝယ်ပြုလုပ်ခြင်းမဟုတ်ဘဲ (KB International Co Ltd)၏ အကျိုးစီးပွားအတွက် အရောင်းအဝယ်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ကုမ္ပဏီကို တရားမစွဲဘဲ ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ဝင်းကို အမည်တပ်၍စွဲဆိုခွင့်မရှိကြောင်း၊ ပဲကြီးကြပ်ရေး ကော်မတီတွင်ဖြေရှင်းစဉ် ကလည်း ဦးကျော်ဝင်းသည် (KB International Co Ltd) တို့က ရေးထိုးခဲ့ခြင်းဖြစ်ပြီး တရားလို ဦးစံဂျေးကူးမားကလည်း ၄င်း၏ New BLAZE Co.,Ltd တို့ ကိုယ်စားပြုစုရေးထိုးခဲ့ခြင်းဖြစ်ကြောင်း တရားပြိုင် ဦးကျော်ဝင်းကိုအမည်တပ်၍ ယခုကဲ့သို့ စွဲဆိုခွင့်မရှိကြောင်း၊ တရားလိုသည် ဤအမှုကို ဤပုံစံဖြင့် စွဲဆိုခွင့်မရှိကြောင်း တရားလို၏ အဆိုလွှာကို စရိတ်နှင့်တကွပလပ်ပေးရန်ချေပသည်။

တရားလို တရားပြိုင်များ၏ အဆိုလွှာ အချေလွှာများအရ အောက်ပါရုံးငြင်းချက်များကိုထုတ်နှုတ်ခဲ့သည်။

ငြင်းချက် ၁ ။ ။ တရားလိုသည် တရားပြိုင်အပေါ် ဤပုံစံဖြင့် တရားစွဲဆိုခွင့်
မရှိသည်မှာ မှန်သလား။

တာဝန်ခံမိတ္တူမှန် စစ်ဆေးပြီးမှန်ကန်ကြောင်း တာဝန်ယူသည်။

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ငြင်းချက် ၂ ။ ။ တရားလိုသည် တရားပြိုင်ထံမှ ပဲအရောင်းအဝယ်ကိစ္စများ ကြီးကြပ်ဖြေရှင်းရေးကော်မတီက စာရင်းရှင်းလင်းချက်အရ တတိယအဆင့် ရှင်းလင်းပြီးနောက် စုစုပေါင်းကုန်ဖိုးငွေ ကျပ် ၁၇၃၁,၃၄၀၀၀ (ကျပ်တစ်ထောင့်ခုနှစ်ရာသုံးဆယ့် တစ်သိန်းသုံးသောင်းလေးထောင်ကျပ်)ကိုရထိုက်ခွင့်ရှိသလား။

ငြင်းချက် ၃ ။ ။ တရားလိုသည် (Nwe Blaze Co.,Ltd) ကိုယ်စားပြု၍လည်းကောင်း တရားပြိုင်မှာ (KB International Co Ltd) ကိုယ်စားပြု ချုပ်ဆိုခဲ့ခြင်းသာဖြစ်၍ တရားပြိုင် ဦးကျော်ဝင်းအမည်ဖြင့် စွဲဆိုခွင့် မရှိသည်မှာ မှန်သလား။

ငြင်းချက် ၄ ။ ။ တရားလိုသည် မည်သည့်သက်သာခွင့်ရထိုက်ပါသနည်းတို့ဖြစ်သည်။

ငြင်းချက်အမှတ် ၁ မှာ ဥပဒေဆိုင်ရာငြင်းချက်ဖြစ်၍ ပဏာမငြင်းချက်အဖြစ် သတ်မှတ်ပြီး နှစ်ဖက်ကြားနာဆုံးဖြတ်ပြီးဖြစ်သည်။

ငြင်းချက် ၂ ။ ။ တရားလိုသည် တရားပြိုင်ထံမှ ပဲအရောင်းအဝယ်ကိစ္စများ ကြီးကြပ်ဖြေရှင်းရေးကော်မတီက စာရင်းရှင်းလင်းချက်အရ တတိယအဆင့် စာရင်းရှင်းလင်းပြီးနောက် စုစုပေါင်း ကုန်ဖိုးငွေ ကျပ် ၁၇၃၁,၃၄၀၀၀ (ကျစ်တစ်ထောင့်ခုနှစ်ရာသုံးဆယ့် တစ်သိန်းသုံးသောင်းလေးထောင်)ကို ရထိုက်ခွင့်ရှိသလား။

စာဝန်ခံမိတ္တူမှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း၊
စာဝန်ယူသည်။

အထက်ပါ ငြင်းချက်နှင့်စပ်လျဉ်း၍ တရားလို ဦးစံဗျေးကူးမားက ၂၀၀၈ ခုနှစ် ပဲရာသီတွင် ဦးကျော်ဝင်းက ၄င်းထံမှ ပဲများဝယ်လိုကြောင်း ကမ်းလှမ်းခဲ့ပြီး ပဲအမျိုးအစား ဈေးနှုန်း အရေအတွက် အရည်အသွေးကိုညှိနှိုင်းပြီး ပဲများဝယ်ယူကြောင်း တရားပြိုင်က ပဲဘိုးငွေများမပေးနိုင်သည့် အခြေအနေများပေါ်ပေါက်လာသဖြင့် နိုင်ငံတော်မှတရားပြိုင်၏ မြီရှင်အားလုံး တရားမျှတမှန်ကန်စွာ အချိုးအညီအမျှရရှိစေရန် ရည်ရွယ်ပြီး ဥက္ကဋ္ဌအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးကိုလည်းကောင်း၊ ဒုဥက္ကဋ္ဌအဖြစ် ဦးဝင်းဇော်မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းသို့လည်းကောင်း၊ အတွင်းရေးမှူး အဖြစ် ဦးမျိုးဦး အမှုဆောင်လူကြီးအဖြစ် ဦးစိုင်းဘဉာဏ်၊ ဦးဘသန်း၊ ဦးခိုင်မြတ်ကျော်တို့ ပါဝင်၍ ပဲအရောင်းအဝယ်ကိစ္စများ ကြီးကြပ်ဖြေရှင်းရေးကော်မတီကို ၁၈.၂.၂၀၀၈ နေ့က ဖွဲ့စည်းပေးခဲ့ပြီး ဦးကျော်ဝင်း KB Co.,Ltd ထံမှ ရရန်ရှိငွေ ကျပ်သိန်းပေါင်း ၂၂၂၂.၀၅ ကျပ် အနက်ပထမအဆင့်ကို ၂၄.၁.၂၀၀၉ ရက်နေ့တွင် ငွေကျပ် ၃၅၆.၂၂ သိန်းနှင့် ညီမျှသော မတ်ပဲရရှိခဲ့ပြီး ဒုတိယအဆင့် ၁၂.၃.၂၀၀၉ ရက်နေ့တွင် ငွေကျပ်သိန်း ၃၃.၆၃ ရရှိခဲ့ကြောင်း၊ တတိယအဆင့်အနေဖြင့် ၂၃.၅.၂၀၀၉ နေ့တွင် ငွေကျပ်သိန်း ၁၀၁.၃၁ ရရှိခဲ့၍ စုစုပေါင်း ၄၉၁.၁၆ သိန်း ရရှိခဲ့ပြီး ရရန်ကျန်ငွေမှာ ၁၇၃၁.၃၄ သိန်း ဖြစ်ကြောင်း ၄င်းမှတတိယအဆင့် သဘောတူညီချက်စာချုပ်တွင် ကျန်ငွေများရရှိလိုပါသည်ဟု ဖော်ပြခဲ့ကြောင်း ပဲအရောင်းအဝယ်

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ကြီးကြပ်ဖြေရှင်းရေးကော်မတီက ကျန်ငွေများအတွက် တရားစွဲဆိုတောင်းရန်ပြောကြားလာသဖြင့် တရားစွဲဆိုရကြောင်း ထွက်ဆိုပြီး ပဲအရောင်းအဝယ်ကိစ္စကြီးကြပ်ဖြေရှင်းရေးကော်မတီမှ ဦးစိုးဘညာဏ် (လိုပြ ၁) ဦးခိုင်မြတ်ကျော် (လိုပြ ၂) တို့ကလည်း ပဲကိစ္စညှိနှိုင်းရာတွင် ပါဝင်ခဲ့၍ တရားလိုကိုထောက်ခံထွက်ဆိုကြသည်။

တရားပြိုင် ဦးကျော်ဝင်း ကိုယ်စား ဦးကျော်စိုးမိုးက ဦးကျော်ဝင်းသည် KB Co.,Ltd မှာ M.O တစ်ဦးဖြစ်ကြောင်း ဦးကျော်ဝင်းကိုယ်စားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခု အမှုဆောင်ရွက်ရန် KB. Co.,Ltd မှ ဒါရိုက်တာအဖွဲ့ဝင် ၄ ဦးမှ အစည်းအဝေးမှတ်တမ်းပြု၍ ၎င်းအား တာဝန်ပေးအပ်ခဲ့ကြောင်း ၎င်းမှာလည်း ဒါရိုက်တာတစ်ဦးဖြစ်ကြောင်း ၎င်းတို့ကုမ္ပဏီ အနေဖြင့် ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းကို ပြည်တွင်း၌သာမက ပြည်ပသို့လည်းတင်ပို့ရောင်းချ ကြောင်း၊ ပဲရောင်းဝယ်ရာ၌ ကုမ္ပဏီအမည်ဖြင့်သာ ရောင်းဝယ်ကြောင်း၊ ဒါရိုက်တာအဖွဲ့ဝင်များ အနေဖြင့် လူပုဂ္ဂိုလ်ရေးအရ အရောင်းအဝယ်ပြုလုပ်ခွင့်မရှိကြောင်း အရောင်းအဝယ်ပြုလုပ်ရာတွင် ကုန်စည်ဒိုင်၌ ဦးကျော်ဝင်းက ကုမ္ပဏီကိုယ်စားဈေးစကားပြောပြီး အရောင်းအဝယ်စာချုပ်ချုပ် သည့်အခါ ရောင်းသူဝယ်သူနေရာတွင် ကုမ္ပဏီကိုယ်စား ဦးကျော်စိုးမိုးဟု၎င်းကလက်မှတ်ရေးထိုး ကြောင်း၊ တရားလိုမှာ နယူးဘလေ့ဇ် ကုမ္ပဏီမှအမ်ဒီဖြစ်ကြောင်း ပဲအရောင်းအဝယ်လုပ်ရာတွင် နယူးဘလေ့ဇ်ကုမ္ပဏီကိုယ်စား တရားလိုက လက်မှတ်ရေးထိုးပြီး ကေဘီကုမ္ပဏီကိုယ်စား ဒါရိုက်တာတစ်ဦးဖြစ်သူ မိမိမှလက်မှတ်ရေးထိုးကြောင်း၊ တရားလိုနှင့် ဦးကျော်ဝင်းတို့ပုဂ္ဂိုလ် အချင်းချင်းပဲအရောင်းအဝယ်ပြုလုပ်ခဲ့ခြင်းမရှိကြောင်း၊ နယူးဘလေ့ဇ်ထံမှ ကေဘီကုမ္ပဏီကအကြွေး စနစ်ဖြင့် ပဲဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သက်သေခံ(၁) သက်သေခံ (၂)(၃)စာချုပ်များအရ ဝယ်ယူ ခဲ့ခြင်းဖြစ်ကြောင်း နောက်ပိုင်းကေဘီမှရရန်ရှိသော ပဲဘိုးများမရတော့သဖြင့် ပေးရန်ရှိသော ပဲဘိုးများမပေးနိုင်တော့ကြောင်း ယင်းကဲ့သို့ ပဲကိစ္စများဖြေရှင်းပေးရန် နိုင်ငံတော်မှပဲကြီးကြပ် ရေးကော်မတီကို ဖွဲ့စည်းပေး၍ ပဲကြီးကြပ်ရေးကော်မတီရှေ့တွင် ကေဘီမှရရန်ရှိသူများလာရောက် စာရင်းတင်ပြရန်ကြော်ငြာခဲ့ကြောင်း လူပုဂ္ဂိုလ်အမည်ဖြင့် ကြေညာခြင်းမဟုတ်ကြောင်း ပဲကြီးကြပ် ရေးကော်မတီမှ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်ဖြင့် အချိုးကျခွဲဝေပေးခဲ့ခြင်းဖြစ် ကြောင်း၊ ဦးစံဂျေးကူးမား အမ်ဒီအဖြစ်ဆောင်ရွက်သော ကုမ္ပဏီနှင့်ကေဘီကိုယ်စား အမ်ဒီ ဦးကျော်ဝင်းတို့ ပထမအဆင့် ၊ ဒုတိယအဆင့်၊ တတိယအဆင့် ခွဲဝေပေးမှုများရှိခဲ့ကြောင်း တတိယအဆင့်သဘောတူညီချက်အပေါ်တွင် ဦးစံဂျေးကူးမားက ကျန်ငွေများရရှိလိုပါသည်ဟု ၎င်းသဘောအတိုင်းထပ်မံရေးသားခဲ့ခြင်းဖြစ်ကြောင်း၊ ကုမ္ပဏီအချင်းချင်းအရောင်းအဝယ်ပြုလုပ် ခြင်းဖြစ်၍ ဦးကျော်ဝင်းအနေဖြင့် ကျန်ငွေ ၁၇၃၁,၃၄၀၀၀ ကျပ် ကိုပေးဆပ်ရန် တာဝန်မရှိကြောင်း တရားလိုနှင့် ပဋိညာဉ်ပြုထားသည်မှာ ကေဘီကုမ္ပဏီသာဖြစ်၍ တာဝန်ရှိသူမှာ ကုမ္ပဏီဖြစ် ကြောင်းထုချေထွက်ဆိုသည်။

မိတ္တူမှန် ... သာဝန်ခံမိတ္တူမှန် စစ်ဆေးပြီးမှန်ကန်ကြောင်း တာဝန်ယူသည်။

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

မြို့ကြီး ၁၂၀၉/၂၀၁၁ စီရင်ချက်အဆက် - ၅

ဦးပေါ်ထွန်း (ပြိုင်ပြ ၁) ကလည်း ကေဘီကုမ္ပဏီလီမိတက်၏အထွေထွေ မန်နေဂျာ လုပ်ကိုင်ခဲ့သူဖြစ်၍ တရားလို၏ထွက်ဆိုချက်ကို ထောက်ခံထွက်ဆိုသည်။

ဒေါ်အေးစန္ဒာဝင်း (ပြိုင်ပြ ၂) မှာလည်း ကေဘီကုမ္ပဏီမှစာရင်းကိုင်တစ်ဦး ဖြစ်၍ တရားပြိုင်ကို ထောက်ခံထွက်ဆိုထားသည်။

တရားပြိုင် ဦးကျော်စိုးမိုး၏ ထွက်ဆိုချက်အရလည်းကောင်း၊ တရားပြိုင်ဘက်မှ သက်သေခံတင်သွင်းထားသည့် ၂၅.၆.၂၀၀၈ နေ့စွဲပါ သက်သေခံ (၁) ကုန်ပစ္စည်းအရောင်း အဝယ်စာချုပ်၊ ၃၀.၆.၂၀၀၈ နေ့စွဲပါ သက်သေခံ (၂) ကုန်ပစ္စည်းအရောင်းအဝယ်စာချုပ်၊ ၆.၈.၂၀၀၈ နေ့စွဲပါ သက်သေခံ (၃) ကုန်ပစ္စည်းအရောင်းအဝယ်စာချုပ်များတွင် ဝယ်သူအဖြစ် ဦးကျော်စိုးမိုး ဒါရိုက်တာ ကေဘီအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်ဟု ဖော်ပြရေးသား လက်မှတ်ထိုးချုပ်ဆိုထားသည်။ ၂၃.၅.၂၀၀၉ ရက်စွဲပါ သက်သေခံ(က) ပဲအရောင်းအဝယ်ကိစ္စ များဖြေရှင်းဆောင်ရွက်ရာတွင် တတိယအဆင့်သဘောတူညီချက်တွင် ဦးကျော်ဝင်းကေဘီအင်တာ နေရှင်နယ်ကုမ္ပဏီထံမှ ရရန်ရှိငွေဟုဖော်ပြထားသည်။

တရားပြိုင်ဘက်မှ တရားလိုနှင့် ပဲအရောင်းအဝယ်ပြုခြင်းမှာ လူပုဂ္ဂိုလ်အနေဖြင့် အရောင်းအဝယ်ပြုခြင်းမဟုတ်ဘဲ ကေဘီအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်အနေဖြင့်သာ အရောင်း အဝယ်ပြုခြင်းဖြစ်ကြောင်း ထွက်ဆိုပြီး တရားပြိုင်ပြသက်သေများက ထောက်ခံထွက်ဆိုသည်။

တရားလိုအား ပြန်လှန်မေးမြန်းရာတွင် အချင်းဖြစ်ပဲအရောင်းအဝယ်ကိစ္စသည် ၂၅.၆.၂၀၀၈၊ ၃၀.၆.၂၀၀၈၊ ၆.၈.၂၀၀၈ ရက်စွဲပါ စာချုပ်များဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါစာချုပ် ၃ စောင်လုံး၌ ရောင်းချသူနေရာတွင် တရားလိုအမည်နှင့် ကုမ္ပဏီကိုဖော်ပြထား ပြီး ဝယ်သူနေရာတွင် တရားပြိုင် ဦးကျော်ဝင်း အမည်လုံးဝမပါဆိုလျှင် မှန်ပါသည်ဟု ဝန်ခံ ထွက်ဆိုထားသည်ကိုတွေ့ရသည်။

သက်သေထွက်ဆိုချက်များအရ တရားလိုနှင့်တရားပြိုင်တို့သည် တရားလို တောင်းဆိုနေသော မတ်ပဲဖိုးကျန်ငွေကို ချုပ်ဆိုသော သက်သေခံ(က)တွင် ကေဘီအင်တာနေရှင် နယ်ကုမ္ပဏီလီမိတက်အနေဖြင့်သာ ချုပ်ဆိုရောင်းဝယ်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။

တရားလိုအနေဖြင့် တရားပြိုင်နှင့် အရောင်းအဝယ်ပြုလုပ်ခဲ့ခြင်းမရှိဘဲ ကေဘီ အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်နှင့် အရောင်းအဝယ်ပြုလုပ်ခဲ့ရာမှ ပေါ်ပေါက်လာသော ကြွေးမြီ ကို တရားပြိုင်ထံမှရထိုက်ခွင့်ရှိမည်မဟုတ်ပေ။

ထို့ကြောင့် ငြင်းချက်အမှတ် ၂ တရားလိုသည် တရားပြိုင်ထံမှ ပဲအရောင်းအဝယ် ကိစ္စများကြီးကြပ်ဖြေရှင်းရေးကော်မတီက စာရင်းရှင်းလင်းချက်အရ တတိယအဆင့်စာရှင်း ရှင်းလင်းပြီးနောက် ကုန်ဖိုးငွေ ကျပ် ၁၇၃၁,၃၄၀၀၀ (တစ်ထောင်ခုနစ်ရာသုံးဆယ့်တစ်သိန်း သုံးသောင်းလေးထောင်)ကို ရထိုက်ခွင့်ရှိသည်မှာ မမှန်ပါဟု ဖြေဆိုရပေမည်။

ငြင်းချက် ၃ ။ ။ တရားလိုသည် (New Blaze Co.,Ltd) ကိုယ်စားပြု၍လည်း ကောင်း၊ တရားပြိုင်မှာ KB International Co.,Ltd ကိုယ်စား ပြု၍ ချုပ်ဆိုခဲ့ခြင်းသာဖြစ်၍ တရားပြိုင် ဦးကျော်ဝင်းအမည်ဖြင့် စွဲဆိုခွင့်မရှိဆိုသည်မှာ မှန်သလား။

တာဝန်ခံမိတ္တူမှန် စစ်ဆေးပြီးမှန်ကန်ကြောင်း တာဝန်ယူသည်။

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

အထက်ပါငြင်းချက်နှင့်စပ်လျဉ်း၍ တရားလို၏ရှေ့နေမှ မတ်ပဲဘိုးကျန်ငွေ ၁၇၃၁,၃၄၀၀၀ ကျပ် ရရှိလိုမှုဖြင့် ဦးကျော်ဝင်းအား တရားစွဲဆိုခဲ့ကြောင်း၊ ပဲကြီးကြပ်ရေးကော်မတီ ရှေ့မှောက်တွင် တတိယအဆင့်သဘောတူညီချက်တွင် ဦးကျော်ဝင်းက လက်မှတ်ရေးထိုးထားပြီး ဖြစ်၍ ဦးကျော်ဝင်းအား စွဲဆိုခွင့်ရှိကြောင်း လျှောက်ထားသည်။

တရားပြိုင်၏ရှေ့နေမှ တရားပြိုင်ဘက်မှ တင်သွင်းသော သက်သေခံ(၁)(၂)(၃) စာချုပ်များတွင် ဦးကျော်စိုးမိုး ၊ ကေဘီအင်တာနေရှင်နယ်ကုမ္ပဏီ၏ဒါရိုက်တာအနေဖြင့် ကုန်ပစ္စည်း အရောင်းအဝယ်စာချုပ်တွင် ကိုယ်တိုင်လက်မှတ်ရေးထိုးပြီး အဆိုလွှာအပိုဒ် (၁)(၂)(၃) တွင် ဖော်ပြထားသော အဆိုပြုချက် အဆိုလွှာနှင့်တကွ ပူးတွဲတင်ပြထားသည့် ပဲအရောင်းအဝယ် ကိစ္စများကြီးကြပ်ဖြေရှင်းရေးကော်မတီတွင် ဖြေရှင်းဆောင်ရွက်ကြသည့် သက်သေခံ(က)မှတ်တမ်း နှင့် တရားလိုပြသက်သေ ဦးခိုင်မြတ်ကျော်၏ ထွက်ချက်အရတောင်းဆိုသောငွေမှာ ကေဘီ အင်တာနေရှင်နယ်ကုမ္ပဏီထံမှရရန်ရှိသော ငွေကြေးများဖြစ်သည်မှာ ထင်ရှားကြောင်း၊ ထို့ကြောင့် ငြင်းချက် ၃ တရားလိုသည် နယူးဘလေ့ဇ်ကုမ္ပဏီကိုယ်စားပြု၍လည်းကောင်း တရားပြိုင်မှာ ကေဘီအင်တာနေရှင်နယ်ကုမ္ပဏီကိုယ်စားပြုချုပ်ဆိုခဲ့ခြင်းသာဖြစ်၍ ဦးကျော်ဝင်းအမည်ဖြင့် စွဲဆိုခွင့် မရှိသည်မှာ မှန်ကြောင်းဖြေဆိုရန်လျှောက်ထားသည်။

အမှုတွင် နှစ်ဘက်တင်ပြချက်များအရ တရားလိုကုမ္ပဏီနှင့် တရားပြိုင်ကုမ္ပဏီတို့ အချင်းချင်းပဲအရောင်းအဝယ်ပြုသည့်ကိစ္စဖြစ်ကြောင်း၊ တရားလို၏အဆိုလွှာအပိုဒ် ၁ ၌ ၁ တရားပြိုင်ကို ကေဘီကုမ္ပဏီ၏အုပ်ချုပ်မှုဒါရိုက်တာအဖြစ် ဖော်ပြထားသည်ကိုတွေ့ရကြောင်း အဆိုလွှာအပိုဒ် ၂ တွင် တရားပြိုင်၏ကုမ္ပဏီအပေါ် တရားစွဲဆိုခြင်းဖြစ်ကြောင်း ထင်ရှားကြောင်း တရားလို၏အဆိုလွှာ ခေါင်းစဉ်တွင် တရားပြိုင်အဖြစ် ဦးကျော်ဝင်းကိုဖော်ပြ တရားစွဲဆိုခဲ့ ကြောင်း တရားလိုတောင်းဆိုနေသည့် မတ်ပဲဘိုးကျန်ငွေသည် တရားလိုနှင့်တရားပြိုင်ပါဝင်သော ကေဘီအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်တို့ ချုပ်ဆိုအရောင်းအဝယ်ပြုခဲ့ခြင်းမှ ပေါ်ပေါက်လျက် ရှိသောကြောင့် ပုဂ္ဂိုလ်ရေးအရ ဦးကျော်ဝင်းအမည်ဖြင့် စွဲဆိုခွင့်ရှိမည်မဟုတ်ပေ၊

ထို့ကြောင့် ငြင်းချက် ၃ တရားလို (New Blaze Co.,Ltd) ကိုယ်စားပြု၍ လည်းကောင်း၊ တရားပြိုင်မှာ ကေဘီအင်တာနေရှင်နယ်ကုမ္ပဏီကို ကိုယ်စားပြု ချုပ်ဆိုခဲ့ခြင်း သာဖြစ်၍ တရားပြိုင် ဦးကျော်ဝင်းအမည်ဖြင့် စွဲဆိုခွင့်မရှိသည်မှာ မှန်သည်ဟု ဖြေဆိုရပေမည်။

ငြင်းချက် ၄ ။ ။ တရားလိုသည် မည်သည့်သက်သာခွင့်ရထိုက်သနည်း။

အထက်ပါ ငြင်းချက်များအပေါ် ဖြေကြားချက်များအရ တရားလိုသည် တရားပြိုင် နှင့် လူပုဂ္ဂိုလ်ချင်းပဲအရောင်းအဝယ်ကိစ္စများကို အရောင်းအဝယ်ပြုလုပ်ခဲ့ခြင်းမရှိသဖြင့် ပဲဖိုး ကျန်ငွေ ၁၇၃၁,၃၄၀၀၀ ကို တရားပြိုင်ထံမှ ရထိုက်ခွင့်မရှိဟု သုံးသပ်ရရှိသည်။

ထို့ကြောင့် တရားလို၏ စွဲဆိုမှုကို စရိတ်နှင့်တကွပလပ်လိုက်သည်။

ရှေ့နေစရိတ် ၁၀၀၀၀ ကျပ် သတ်မှတ်သည်။

(ဆွေဆွေ)

ခရိုင်တရားသူကြီး

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

မူရင်းနှင့်မိတ္တူမှန် စစ်ဆေးပြီးမှန်ကန်ကြောင်း တာဝန်ယူသည်။

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်